ရဲရင့်မာန်

# So In Love



## "So in Love''

"တီ … တီ … တီ''

လျှပ်စစ် ခေါင်းလောင်းကြီး၏ ကျောင်းခေါ် သံကတော့ မြည်ဟီး နေလေပြီ။ ဒီနေ့လေးဟာဆိုလျှင်ဖြင့် မော်လမြိုင်မြို့ အမှတ် ( ၄ ) ကျောင်းရဲ့ ကျောင်းသား ကျောင်းသူတွေ စတင်ပြီ ကျောင်းတက်ရတဲ့ နေ့လေးဖြစ်ပါသည် ။ ကျောင်းဝင်းကြီး ကလည်း ကြီးကျယ်သလို ကျောင်းသားကျောင်းသူတွေလည်း များ ပြား လှပေသည် ။ ကျောင်းတော်ကြီးသည် အစ ဝင်လိုက်တာနဲ့ ကျောင်းကြီးရဲ့ ရံပုံငွေအတွက် စိုက်ပျိုးထားတဲ့ စပါးခင်းလေး ရှိနေပေသည် ။ ထိုစပါးခင်းလေးကို ကျော်သွားလျှင်တော့ ကျောင်းသား ကျောင်းသူတွေ စုဝေးတဲ့ ကွင်းလေး ရှိလေတော့သည် ။ ထိုကွင်းကြီးရဲ့ အနောက်မှာ တော့ ကျောင်းတော်ကြီးရဲ့ ပြယုဂ်ဖြစ်တဲ့ သုံးထပ် ကျောင်းဆောင် ရှိနေလေတော့သည် ။

ထိုကျောင်းတော်လေးကိုလည်း ခရစ်ယာန်ကျောင်း သို့မဟုတ် ကရင်ကျောင်းလို့ လည်း ခေါ်ကြပါသေးသည် ။ အကြောင်းရင်းကလည်း ရှိနေလေတော့ ဒီနေ့ထိ ခေါ်စမှတ်ပြု နေကြလေတော့သည် ။ အင်္ဂလိပ်မင်း လက်ထက်ကတည်းက ဝန်မင်းတွေရဲ့ ရုံးချုပ် ရှိရာကနေ ကျောင်းတော်အဖြစ် ပြောင်းလဲ လာပြီနောက် ခေတ်အဆက်ဆက်

ကျောင်းတော်အဖြစ် ပြောင်းလဲ လာခဲ့လေ တော့သည် ။ ကျောင်းတော်ကြီးရဲ့ ဝင်းအပိုင်းမှာ တော့ ဘေးချင်းကပ်ရပ် ကရင် လူမျိုးတွေရဲ့ နှစ်ခြင်းခရစ်ယာန် ကျောင်းတော် ရှိလေတော့ ခရစ်ယာန် ကျောင်းလို့လည်း ယနေ့အထိခေါ်စမှတ် ပြုကြလေတော့သည် ။

ကျောင်းဝင်းကြီးဟာ အခြားသော ကျောင်းတွေထက်ကို အလွန်ကျယ်ဝန်း လေတော့သည် ။ ကျောင်းကြီးထဲတွင် ဘောလုံးကွင်းလည်း ရှိသေးသည် ။ ထန်းတောလည်း ရှိသည် ကုက္ကိုလ်ပင်တန်း တွေလည်း ရှိနေသေးတယ်။ အဆောင် တစ်ဆောင်နှင့် တစ်ဆောင်ဟာလည်း အတော်လေး လှမ်းနေလေသည် ။ အင်္ဂလိပ်မင်းတွေ လက်ထက်ကတည်းက ကျောင်းတော်ကြီး ဖြစ်တာနဲ့ အညီ ကျောင်းသူ ကျောင်းသားတွေလည်း များ ပြားလှပေသည် ။

အခုလည်း ကျောင်းတော်ကြီးကို ကျောင်းသားသစ်လေး တစ်ယောက် ရောက်လာပေသည် ။ ထိုသူကတော့ စစ်အောင်ဦးပင် ဖြစ်လေတော့သည် ။ စစ်အောင်ဦးသည် နဝမတန်း ကျောင်းသားလေး ဖြစ်သည် ။ မော်လမြိုင်မြို့ကို မိသားစုတွေက ပြောင်းရွှေ့လာတော့ သူလည်း လိုက်ပါ လာပြီ အခု ကျောင်းတော်ကြီးကို ပြောင်းရွှေ့ ပညာသင် ရလေတော့သည် ။ ထို့ကြောင့် လည်း ကျောင်းသား သစ်တစ်ယောက် ဖြစ်တာနှင့် အညီ ကျောင်းဝင်းကြီးကို အံ့သြငေးမောမှုတွေနဲ့ ဖြည်းဖြည်းချင်း ဝင်လာ လေတော့သည် ။ အခုချိန်မှာ သုံးထပ် ကျောင်းဆောင်ကြီးမှာ မိမိသင်ကြားရဲ့ အတန်းက ရှိတာမို့ သုံးထပ် ကျောင်းဆောင်ကြီးကို သူတက်လာ လေတော့သည် ။ အဆောင်ကြီးကတော့ ရွှေဝါဆောင်။

စစ်အောင်ဦး တစ်ယောက် အတန်းရောက်တော့ အတန်းက စနေလေပြီ။ ကျောင်းသားသစ်မို့ ကျောင်းအုပ်ဆရာမကြီးနဲ့ တွေ့ဆုံကာ ပြော

ဆိုနေရတာမို့ အချိန်အနည်းငယ် ကြာသွား လေတော့သည် ။ ဒါတွေက လည်း ကျောင်းသားသစ်တိုင်း ကြုံတွေ့နေရတဲ့ အရာတွေပါ။ ထို့နောက် စစ်အောင်ဦးက ဆရာမအား အတန်းသို့ ဝင်ခွင့် တောင်းလေတော့သည် ။

"မင်္ဂလာပါ ဆရာမ''

"မင်္ဂလာပါကွယ်''

"ကျွန်တော်က ကျောင်းသားသစ်ပါ ဆရာမ အတန်းထဲသို့ ဝင်ခွင့်ပြုပါ ဆရာမ''

"ဪ ကျောင်းသားသစ်လေးလား လာလာဝင်ခဲ့ ဆရာမကြီးက ပြောထားပြီပြီ''

"ဟုတ်ကဲ့ ဆရာမ''

"ကဲလာပါ ဆရာမ မိတ်ဆက်ပေး ရတာပေါ့ကွယ်''

"ဟုတ်ကဲ့ ဆရာမ''

"ကဲ သားနာမည်က ဘယ်သူလဲ''

"စစ်အောင်ဦးပါ ဆရာမ''

"ကဲ အားလုံးဘဲ ကျောင်းသား သစ်လေး စစ်အောင်ဦးကို လက်ခုပ်တီး ကြိုဆို ပေးလိုက်ပါဦး''

"ဖြောင်း ဖြောင်း ဖြောင်း '' လက်ခုပ်သံလေးက ထွက်လာ ကြလေတော့သည် ။"

"သားက ဘယ်ကနေ ပြောင်းလာတာလဲ''

"ကရင်ပြည်နယ် မြဝတီမြို့ကပါ''

"ဩော် နယ်စပ်မြို့လေးက ကျောင်းသားပေါ့"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကဲ အားလုံးဘဲ မှတ်ထားကြနော် စစ်အောင်ဦးကိုလည်း သူငယ်ချင်း တစ်ယောက်လို သဘောထား ပေးကြရမယ်နော် အခက်ခဲရှိလျှင်လည်း ကူညီပေး ရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကဲ ဘယ်နေရာ လွတ်သေးလဲ စစ်အောင်ဦးကို နေရာပေးရအောင်"

"မလွတ်တော့ဘူး ဆရာမ ပြည့်နေတယ်"

"ဟိုဘက်ခြမ်းကရော"

"မလွတ်တော့ပါဘူး ဆရာမ" ကျောင်းသား အသီးသီးက ပြောလေတော့သည် ။

"အဲ့တာဆို ဘယ်နေရာမှာ ထားရပါ့မလဲ"

နေရာလေးတွေ မလွတ်တော့ဘူး ဆိုသောကြောင့် စစ်အောင်ဦး တစ်ယောက် မျက်နှာလေး ညှိုးနွမ်း သွားလေတော့သည် ။ ပိန်ပိန်ပါးပါးလေးနဲ့ ဖြူဖြူကောင်လေး တစ်ယောက်ဟာ အတန်းထဲမှာ လည်း လွတ်နိုင်လောက်တဲ့ နေရာလေးကို ရှာကြည့် မိနေလေသည် ။

"ကဲ ခွန်းစစ်လင်း သားရဲ့ ဘေးမှာ ခဏပေးနေလိုက် ရမလား နောက်မှ ဆရာမ ပြန်နေရာ ချပေးမယ်လေ"

ဆရာမ ပြောစကားကြောင့် ခွန်းစစ်လင်း ဘာမှ မပြောဘဲ ခေါင်းသာညိတ်ပြ လိုက်လေတော့သည် ။

"ကဲသား စစ်အောင်ဦး အခုတော့ ခွန်းစစ်လင်း ဘေးနားမှာ ဘဲ ခဏ

နေ လိုက်ဦးနော်''

"ဟုတ်ကဲ့ပါ ဆရာမ ''

ထို့နောက် စစ်အောင်ဦး တစ်ယောက် ဆရာမ ပြောစကားကြောင့် ခွန်းစစ်လင်း ဘေးမှာ သွားထိုင် နေလေတော့သည် ။

"ဒီမှာ ထိုင်မယ်နော်'' စစ်အောင်ဦးက ပြောလေတော့သည် ။ ထိုအခါ ခွန်းစစ်လင်းက ခေါင်းညိတ်ပြလေတော့ စစ်အောင်ဦးလည်း ပြန်လည်ပြုံးပြရင်း နေရာယူလေတော့သည် ။ စစ်အောင်ဦးက ခွန်းစစ်လင်း ဘေးမှာ ကပ်ပြီ နေရာယူ ထားသောကြောင့် အနည်းငယ်တော့ ကြပ်နေလေသည် ။

"ဖြစ်ရဲ့ လား ထိုင်လို့ '' စစ်အောင်ဦးက မေးလေ တော့သည် ။

"မဖြစ်လည်း မင်းဒီမှာ ဘဲ ထိုင်ရမှာ ဘဲလေ ဆရာမက ပြောထားတာကို'' ခွန်းစစ်လင်းက ပြောလေတော့သည် ။

"မင်းနာမည်က ခွန်းစစ်လင်းနော်''

"ဟုတ်တယ်''

"ငါက စစ်အောင်ဦး''

"အင်း''

"ကရင်ပြည်နယ် မြဝတီကနေ ပြောင်းလာတာ''

"ခုနက ဆရာမ ပြောသားဘဲ''

"အင်း ငါ့ကို သူငယ်ချင်း တစ်ယောက်လို လက်ခံပေးနော်''

"စဉ်းစားဦးမယ်''

ထိုအချိန်တွင် အတန်းပိုင်ဆရာမက အားလုံး အဆင်သင့်ဖြစ်လျှင် စာဆက်သင်ဖို့ ပြောလေတော့သည် ။ ထို့နောက် ကျောင်းသား ကျောင်းသူတွေလည်း ဆရာမ စာဆက်သင်သည့် အကြောင်းအရာများကို စိတ်ဝင်တစားနဲ့ လေ့လာကြ လေတော့သည် ။ ဤသို့ဖြင့် နေ့လယ်ထမင်းစားနားချိန်သို့ ရောက်လာ လေတော့သည် ။

"ထမင်းစား မသွားဘူးလား"

"အင်း"

"မသွားလည်း ဖယ်ပေး ငါပြန်မယ်" ခွန်းစစ်လင်းက ပြောလေတော့သည် ။

"အေးပါ"

ထို့နောက် ခွန်းစစ်လင်းလည်း အခန်းထဲမှ ထွက်သွား လေတော့သည် ။ စစ်အောင်ဦးလည်း မုန့်စားဆောင်ဘက်သို့ ထွက်လာခဲ့လေတော့သည် ။ မုန့်စားဆောင်နဲ့ စစ်အောင်ဦးတို့ အဆောင်က အရမ်းတော့ မဝေးချေ။ စစ်အောင်ဦးလည်း အားလူးကြော် တစ်ထုပ်၊ မုန်လာဥမုန့်ကြော် တစ်ပွဲကို ပါဆယ်ထုပ်ခိုင်း၍ လိမ္မော်ရည် တစ်ခွက်ပါ ဝယ်ယူခဲ့ လေတော့သည် ။ လိမ္မော်ရည်ဘူးလေးကို ယူပြီး အခြားအဆောင်များကို ငေးမောကြည့်ရင်း ဖြည်းဖြည်းချင်း လှမ်းလျှောက် လာနေလေတော့သည် ။ ထိုစဉ် အာရုံက အခြား ရောက်နေသောကြောင့် အခြားလူကို သတိမထားမိဘဲ တိုက်မိ လေတော့သည် ။

"အား"

စစ်အောင်ဦးရဲ့ လိမ္မော်ရည်က ထိုကောင်လေးကို သွားတိုက်မိပြီး မှောက်သွား လေတော့သည် ။ ထိုကောင်လေးမှာ လည်း လိမ္မော်ရည်

တွေ ရွဲကုန် လေတော့သည် ။

"သွားပါပြီကွာ" ထိုကောင်လေးက ပြောလေတော့သည် ။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"မင်းဘာတွေကို စဉ်းစားနေလို့ လူတစ်ယောက်လုံးကို မတွေ့တာလဲ ကွာ"

"ဟိုလေ ဟိုလေ"

"ဘာလဲ တိုက်ပြီမှ ကြောင်တောင်တောင် လုပ်နေတာလား"

"မဟုတ်ပါဘူး ကျောင်းဝန်းကြီးက အဆောင်တွေငေးရင်း သတိ လွတ် သွားတာပါ"

"ကျောင်းဝင်းက အဆောင်တွေက ဘာများ ထူးဆန်းနေလို့ လဲ မမြင် ဖူးဘူးလား"

"အင်း"

"ဟင် မင်းကိုရွဲ့ပြီ မေးနေတာ"

"ရွဲ့မေးနေတာလား တကယ်ပြောတာပါ ကျွန်တော်က မမြင်ဖူးဘူးဗျ "

"မင်းပုံစံက ကျောင်းသားသစ်နဲ့ တူတယ်"

"ဟုတ်တယ်"

"သြော် ဒါကြောင့် ကိုး ငါသိပြီ အဲ့လိုဘဲကွ ငါတို့ ကျောင်းကို ရောက် လာတဲ့ သူတိုင်း အဲ့လိုဘဲကွ ငါတို့ ကျောင်းက အရမ်းကျယ်ပြီ အဆောင် တွေလည်း တစ်ဆောင်နဲ့ တစ်ဆောင် အရမ်းဝေးတာ"

"ဟုတ်တယ်နော်"

"ကဲ ထားလိုက်ပါတော့ မင်းက ဘယ်အတန်းကလဲ"

"ကိုးတန်း အေ အခန်းက"

"အေး ငါက ဘီအခန်းက"

"ဟုတ်လား အတန်း အတူတူဘဲပေါ့"

"အင်း ငါ့နာမည်က တိုးတက်ထွန်း"

"ဟုတ် ကျွန်တော်က စစ်အောင်ဦး"

" အေး မှတ်ထားမယ် နောက်လည်း ခေါ်ပေါ့ ကြားလား"

"ဟုတ်"

"ငါ့ကို တိုးတက်လို့ ခေါ်လို့ ရတယ်"

"အင်း ငါ့ကိုလည်း စစ်အောင်ဦးလို့ ခေါ်လို့ ရတယ် ဒီနေ့အတွက် တော့ တောင်းပန်ပါတယ်နော်"

"ထားလိုက်ပါ ရပါတယ် ဘာမှ မဖြစ်ဘူး မင်းကို စိတ်မဆိုးပါဘူး"

"ကျေးဇူးပါကွာ"

"အေး ငါအတန်းပြန်တော့မယ် မင်းလည်း မြန်မြန်စားတော့ အချိန် က ပြည့်တော့မယ် ရတာက လေးဆယ့် ငါးမိနစ်ထဲ"

"အေး ဟုတ်တယ်"

"လာပါ အတူတူပြန်ကြရအောင် အခန်းဘဲ မတူတာလေကွာ"

"အေးလေ ဟုတ်သား"

ထို့နောက် နှစ်ယောက်သား အဆောင်လေးဆီသို့ ပြန်လာ ကြလေတော့သည် ။ သူတို့ နှစ်ယောက် ပြန်လာတော့ အားလုံးက သူတို့ နှစ်ယောက်အား လှည့်ကြည့် လှည့်ကြည့် လုပ်လေတော့သည် ။ ဒါကိုလည်း စစ်အောင်ဦးက သတိထားမ လေတော့သည် ။ သို့သော် ဘာမှ တော့ မပြောခဲ့ပေ ဒီနေ့မှ စတွေ့တာဆိုတော့ သူလည်း အရမ်း အမေးအမြန်း မများ သင့်ကြောင်း သူသိထားလေနေတော့ တိတ်ဆိတ်စွာနဲ့ ဘဲ လိုက်လာ မိလေတော့သည် ။ စာသင်ခန်းထဲဝင်တော့ တိုးတက်ထွန်းက စစ်အောင်ဦးအား ပခုံးလေးကို အသားလေးဖက်ပြီ ...

"ဝင်တော့လေ မုန့်လာဥမုန့်ကြော်တွေ အေးကုန်တော့မယ်"

"အင်း"

"ကဲ ငါသွားပြီ ကျောင်းဆင်းမှ ဆုံးမယ် အဆောင်အရှေ့ကနေ စောင့်နေလေ"

"အိုကေ"

ထို့နောက် တိုးတက်ထွန်းက စစ်အောင်ဦးအား ပြုံးပြပြီ ခေါင်းလေးကို အသာလေးပုတ်ကာ ဆံပင်လေးကိုဖွပြီ ထွက်သွား လေတော့သည် ။ အခန်းထဲမှ ကောင်မလေး များကလည်း စစ်အောင်ဦးကို အံ့အားသင့်သော အကြည့်များ နှင့် ကြည့်နေ ကြလေတော့သည် ။

တကယ်တော့ ခွန်းစစ်လင်း တစ်ယောက် ဒီနေ့မှ ထမင်းစားဖို့ အိမ်ပြန်ရာမှ မပြန်ချင်တော့ဘဲ မုန့်စားဆောင်သို့သာ တန်းလာခဲ့ လေတော့သည် ။ စားချင်တာလေးတွေကို ဝယ်ခဲ့ပြီ အပြန်မှာ စစ်အောင်ဦးနှင့် တိုးတက်ထွန်းတို့ အခြေအနေလေးတွေကို သူတွေ့ခဲ့ ရလေတော့သည် ။

"ဟင် ဘာတွေလဲ သိနေကြတာလား မဖြစ်နိုင်ပါဘူး ဟိုက ကျောင်း

သားသစ်လေ ဒါဆို တိုးတက်ထွန်းကရော''

သူတစ်ယောက်တည်း ခဏစဉ်းစား မိသွားလေတော့သည် ။

"အေးလေ ငါနဲ့ ဘာဆိုင်လို့ လဲ  သူ့ကိစ္စဘဲဟာ ငါနဲ့ အလွတ်ကြီး'' သူ့ဘာသာပြန်ဖြေ တွေးလိုက် လေတော့သည် ။

တကယ်တမ်းတော့ တိုးတက်ထွန်း ဆိုသည် မှာ ကျောင်းရဲ့ လူချောစာရင်းဝင် ကောင်လေး တစ်ယောက်လည်း ဖြစ်သလို မိဘများကလည်း ချမ်းသာကြပြီ ကျောင်းမှာ လည်း ရည်းစားများ သော ကောင်လေး တစ်ယောက်ဖြစ်သလို အရမ်းလည်း မာနကြီးသော ကောင်လေး တစ်ယောက်အဖြစ် နာမည် ကျော်ကြားလှသော သူတစ်ယောက် ဖြစ်သည် ။ မိဘများကလည်း ချမ်းသာပြီ တက်နိုင်သောကြောင့် အလိုလိုက် ထားကြလေတော့သည် ။ အခြားသော ရွယ်တူ ကောင်လေးတွေကို မပေါင်းသင်းဘဲ သူငယ်ချင်း တစ်ယောက်သာ ပေါင်းသင်းတက်ပြီ မိန်းကလေးချောချောလေး တွေကိုတော့ လိုက်လံပြီ စနောက်တက်သလို သူ့ကောင်မလေး အဖြစ်နဲ့ လည်း မကြာခဏ နာမည်ထွက် တက်လေတော့သည် ။ မိဘများ ရဲ့ အရှိန်အဝါနဲ့ ဆရာမ များကလည်း တော်ရုံဆို ဘာမှ သိပ်မပြောဘဲ ထားထား ကြလေတော့သည် ။

စစ်အောင်ဦးလည်း အတန်းထဲ၌ မုန့်စားနေစဉ် ခွန်းစစ်လင်းက ပြန်ရောက် လာသောကြောင့် နေရာဖယ်ပေးပြီ စကား ပြောလေတော့သည် ။

"အိမ်က နီးတာလား ပြန်လာတာ မြန်သားဘဲ''

"မနီးဘူး''

"ဒါဆို''

"မင်းအရမ်း စကားများ တာဘဲ မပြန်ချင်တော့လို့ မုန့်ဝယ်ပြီး ပြန်လာတာ"

"ဪ မသိလို့ ပါကွာ"

"အေး အခုသိပြီ မဟုတ်လား"

"အင်းပါ စားဦးမလား မုန့်လာဥ မုန့်ကြော်"

"စားပါ မင်းဘဲဝအောင် အကောင်လေးက ပိန်ပိန်လေးနဲ့ အားမရှိတဲ့ အတိုင်းဘဲ"

"မင်းဘာတွေ ဝယ်လာတာလဲ"

"ပေါင်မုန့်ကြော်နဲ့ ကိုလာ"

"အင်း"

"စားချင်လို့ လား"

"မဟုတ်ပါဘူး"

"ဒါနဲ့ မင်းက မြဝတီကနေ ပြောင်းလာတာနော်"

"အေးလေ ဘာလို့ လဲ"

"မေးကြည့်တာပါ ဒါဆို တိုင်းရင်းသားလား"

"ကပြားပါ ပြောရရင် ငါ့အမေက ထိုင်း ယိုးဒယား လူမျိုးလေ ငါ့အဖေက မြန်မာပေါ့"

"ဒါကြောင့် ကိုး ပိန်ပိန်ပါးပါးလေးနဲ့ ဖြူဖြူလေး ဖြစ်နေတာ"

"မင်းကရော"

"ငါကတော့ မွန်နဲ့ ဗမာနဲ့ စပ်ထားတာ"

"အင်း ငါကလေ ပြောင်းလာတာ ဒီမြို့ကို ဆယ်ရက်လောက်ဘဲ ရှိသေးတာ ငါ့အဖေက မော်လမြိုင်ဇာတိဘဲ ပြန်မရောက်တာ ကြာပြီလေ အခုက ငါ့အဖေနဲ့ အမေ ပြဿနာဖြစ်လို့ ငါ့အဖေက မော်လမြိုင် ပြန်လာတာ ငါ့ကိုပါ ခေါ်လာတာ အဲ့တာကြောင့် ငါသိတဲ့ လူလည်း ဒီမှာ မရှိဘူး ဘယ်မှ လည်း မသွားတက်သေးတာ"

"သြော် ခုနက အတန်းရှေ့မှာ တွေ့တဲ့ ကောင်ကရော"

"ခုနကလား သူက မုန့်စားဆောင်သွားရင် သိခဲ့တာ"

"ဟင် အဲ့လောက် မြန်တယ်"

"အေးလေ ပုံမှန်ဘဲလေ ဒါက ဘာလို့ လဲ"

"အေးလေ ထားပါတော့"

"သူက ဘီ အခန်းကတဲ့ တိုးတက်ထွန်းတဲ့ "

"သိသားဘဲ"

"သြော် အဲ့တာများ ငါ့ကို မေးနေသေးတယ် မင်းကလည်း "

"ငါအံ့ဩတာက သူနဲ့ သိတာ မြန်လွန်းလို့ ပြီတော့ ထူးဆန်းနေလို့ "

"ထူးဆန်းလို့ ဟုတ်လား ဘာများ ထူးဆန်း နေလို့ လည်း ကွ"

"ထားလိုက်ပါ နောက်တော့ သိလာမယ် မင်း"

ထိုစဉ် စစ်အောင်ဦးနဲ့ ခွန်းစစ်လင်းတို့ နှင့် တစ်တန်းတည်း ထိုင်နေသော ကျောင်းသား တစ်ယောက် ရောက်လာ လေတော့သည်။

"မင်းတို့ ထမင်းစား မပြန်ကြဘူးလား"

"မပြန်ကြဘူးလေ ဒီနေ့ ဘာလို့ လဲ"

"အသစ်လေးကရော"

" အင်း မပြန်ဘူး"

"သြော်အေး မှတ်ထားဦး ငါ့နာမည်က ဗညားကျော်တဲ့ "

"အေး ငါက စစ်အောင်ဦး"

"ခွန်းစစ်လင်းနဲ့ ငါတို့ က ငါးတန်းကတည်းက တွဲလာတာ သူ့ကို တော့ ငစစ်လို့ ဘဲ ခေါ်တာ သူက အကောင်ကြီးနော် "

ဗညားကျော်က နာမည် မိတ်ဆက်ရင်း ခွန်းစစ်လင်းအား စနောက် လိုက်လေတော့သည် ။

"ဟင် အကောင်ကြီး ဆိုတာ ဘာလဲ" စစ်အောင်ဦးက မေးလေတော့ သည် ။

"ပေါက်ကရတွေ အဲ့အကောင်စကား သွားနားထောင်မနေနဲ့ သူကင ပေါကြီး" ခွန်းစစ်လင်းက ပြန်ပြော လေတော့သည် ။

"ငစစ် မင်းက အခုတော့ အဲ့လိုပြောပြီပေ့ါ တကယ်တော့ အဲ့အကော င်က" ပြောခါနီးလေးမှာ ခွန်းစစ်လင်းက ဗညားကျော် ပါးစပ်အား ဖမ်း ပိတ် လေတော့သည် ။

"မင်းတို့ တွေက တကယ် ခင်ကြတယ်နဲ့ တူတယ် ပျော်ဖို့ ကောင်းကြ တဲ့ ပုံဘဲ"

"အင်းလေ"

"ငါ့ကိုလည်း ခင်မယ် မဟုတ်လား" စစ်အောင်ဦးက ပြောလေ တော့ သည် ။

"စဉ်းစားဦးမယ် ငါက လွယ်လွယ်နဲ့ မခင်တတ်ဘူးကွ" ခွန်းစစ်လင်း

က ပြောလေတော့သည် ။

"အေးပါကွာ'' စစ်အောင်ဦးက ပြောလေတော့သည် ။

"မင်းကလည်း ရောဂါကို မသေနိုင်ဘူး ပြန်ပြန်ထထ လာတယ်နော်'

' ဗညားကျော်က ပြောလေတော့သည် ။

"ဘာဖြစ်လဲ အဲ့တော့''

ထိုစဉ်အတန်းတက် ခေါင်းလောင်းသံက မြည်လာ လေတော့သည် ။

***

# အခန်း ( ၂ )

ညနေကျောင်းဆင်းချိန် ရောက် လာလေပြီ အတန်းထဲမှ ကျောင်းသား ကျောင်းသူတွေ အသီးသီး ထွက်လာခဲ့ကြ လေတော့သည် ။ စစ်အောင်ဦးလည်း အတန်းထဲမှ ထွက် လာပြီ အဆောင်ရဲ့ အရှေ့မှာ မပြန်သေးဘဲ ခေတ္တရပ်စောင့် နေလေတော့သည် ။

"မပြန်သေးဘူးလား စစ်အောင်ဦး'' ဗညားကျော်က မေးလေတော့သည် ။

"သူငယ်ချင်း တစ်ယောက်ကို စောင့်နေတာ သူမလာသေးလို့ ''

"ဟင် မင်းကဒီနေ့ဘဲ ကျောင်းရောက်တာ ကျောင်းသားသစ်လေးက သူငယ်ချင်း ရသွားပြီ မဆိုးပါဘူးဘဲ မင်းက''

"ဒီနေ့ဘဲ သိတာ သူနဲ့ ''

"အေးပါ ဘာဘဲဖြစ်ဖြစ် သူငယ်ချင်း ရှိတာတော့ ကောင်းပါတယ်''

"အင်း''

"ဒါဆို ငါပြန်တော့မယ် မနက်ဖြန်မှ တွေ့ကြတာပေါ့''

"အိုကေ ဘိုင်ဘိုင့်''

ဗညားကျော် တစ်ယောက် ထွက်သွားပြီတော့ တိုးတက်ထွန်း ရောက်လာ လေတော့သည်။

"ကြာလိုက်တာ ဘာတွေလုပ်နေတာလဲ''

"ရောက်နေတာကြာပြီ မင်းအခြားကောင်တွေနဲ့ စကားပြောနေလို့ ငါစောင့်နေတာ''

"မင်းကလည်း ရောက်လာရင် လာခဲ့ပေါ့ သူငယ်ချင်းတွေဘဲကို''

"အဲ့လိုကောင်တွေနဲ့ ငါအပေါင်းအသင်း မလုပ်တက်ဘူး''

"ဟာ မင်းကလည်း သူက ငါနဲ့ တစ်တန်းတည်း ထိုင်တဲ့ သူပါကွာ''

"ဘာဘဲဖြစ်ဖြစ် ငါမပေါင်းချင်ဘူး သိလည်း မသိချင်ဘူး''

"အေးပါကွာ ဒါနဲ့ မင်းက ဘယ်လမ်းမှာ နေတာလဲ''

"ဝတ်သစ်ရပ် ဝတ်ကြီးလမ်း မင်းကရော''

"ငါက မြန်မာလမ်း''

"နီးသားဘဲ မင်းနဲ့ တစ်လမ်းဘဲ ကွာတာ''

"ဟုတ်လား''

"အေးလေကွာ''

"ငါက ဘယ်မှ မရောက်သေးတော့ မသိသေးဘူးကွ''

"နောက်တော့ သိလာမှာ ပေါ့ လာပြန်မယ် နောက်ကျနေပြီ''

ထို့နောက် စစ်အောင်ဦးနှင့် တိုးတက်ထွန်းတို့ နှစ်ယောက်သား စကားလေးပြောပြီ ပြန်ခဲ့ကြ လေတော့သည်။

"သား အဆင်ပြေရဲ့ လား ကျောင်းမှာ '' ဖခင်ဖြစ်သူ ဦးနေအောင်က

မေးလေတော့သည်။

"ပြေပါတယ် ဖေဖေ"

"အေးကွယ် မော်လမြိုင်က ကျောင်းသားတွေက မြဝတီနဲ့ မတူဘူး ပေါ့ ဒါပေမဲ့ သူတို့ တွေကလည်း ဖော်ရွေကြပါတယ် "

"ဟုတ် ဖေဖေ"

"ဒါနဲ့ စာသင်တာကရော ဘာကွာလဲ သား"

"အင်း စာသင်တာကတော့ ဒီမှာ ပိုကောင်းသလိုတော့ ခံစားရပါ တယ်"

"ကောင်းတယ် ကြိုးစားနော်သား အခုတော့ နေသား မကျသေးပေမဲ့ တစ်လလောက်ဆို နေသား ကျသွားမှာ ပါ"

"ဟုတ် ဖေဖေ"

"သား သားမေမေကို လွမ်းနေတာလား"

"သတိတော့ ရပါတယ် ဒါပေမဲ့ မေမေလည်း မေမေ့ဘဝနဲ့ မေမေ ဖြစ်နေပြီလေ"

"ဖေဖေ စိတ်မကောင်းပါဘူး သားရယ်"

"ရပါတယ် ဖေဖေ သားဖေဖေ့ကို နားလည်ပါတယ်"

"သားရယ်"

တကယ်တော့ စစ်အောင်ဦး တစ်ယောက်ဟာ မိခင်နဲ့ ဖခင်တို့ အိမ်ထောင် ရေးအဆင်မပြေလို့ မိသားစုပြိုကွဲပြီး ပြောင်းရွှေ့လာတာပါ။ မိခင်က ထိုင်းလူမျိုးဖြစ်ပြီ ဖခင်နဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ မကိုက်ညီတာက စလို့ ပြဿနာ အစပျိုးခဲ့တာ အခုအခြေအနေထိ ဖြစ်သွား

တာပါ။ စစ်အောင်ဦး ကိုယ်တိုင်ကလည်း မိခင်နဲ့ နေတာများ တော့ ယဉ်ကျေးမှု ဓလေ့နဲ့ အစားစာတွေ သဘာတရားတွေက ထိုင်းနဲ့ နီးစပ် လေတော့သည် ။ ထိုင်းနာမည်လေးလည်း ရှိပါသေးတယ် ''တဝမ် ''တဲ့ တဝမ် ဆိုတာက ထိုင်းလိုခေါ်တာ ဖြစ်ပြီ မြန်မာလိုဆို နေမင်းလို့ အဓိပ္ပာယ်ရပါတယ်။ မိခင် နာမည်ကတော့ ဆောင်စရီယာ လို့ ခေါ်ပါတယ်။

နောက်နေ့ပုံမှန် အတိုင်းဘဲ ကျောင်းသို့ ရောက်လာ ခဲ့လေတော့သည် ။

"ဗညား ခွန်းစစ်လင်းရော မရောက်သေးဖူးလား''

" အေး လာတော့မှာ ပါ စစ်အောင်ဦး''

"မင်းက ဘယ်လမ်းမှာ နေတာလဲ''

"ငါလား ငါက ကျိုက်ဖနဲမှာ နေတာလေ''

"ငါက မြန်မာလမ်း ဆိုတော့ ဝေးလား''

"အရမ်းတော့ မဝေးပါဘူး နည်းနည်းတော့ ဝေးတယ်ပေါ့''

"အင်း''

"ကျောင်းပိတ်ရက် လာလည်လေ ငါ့အဖေနဲ့ အမေက သဘောကောင်းပါတယ် မွန်တွေက အရမ်းသဘော ကောင်းတာ မင်းသိရလိမ့်မယ်''

"အေးပါ''

ထိုအချိန်တွင် ခွန်းစစ်လင်း တစ်ယောက် အတန်းထဲသို့ ဝင်လာခဲ့လေတော့သည် ။

"ကဲရောက် လာပြီ ကျေးဇူးရှင်က''

"ဘာလဲကွ" ခွန်းစစ်လင်းက ဗညားကျော် စကားကို ပြန်မေး လိုက်လေတော့သည်။

"ဒီမှာ လေ စစ်အောင်ဦးက မင်းကို မေးနေတာ"

"ဘာလုပ်ဖို့ လဲ"

"အဲ့တာတော့ ဘယ်သိမှာ လဲကွ မင်းသိချင်ရင် မေးကြည့်လေ"

"မင်းက ဘာလုပ်ဖို့ လဲ "

"ဩော် တစ်တန်းတည်း ထိုင်နေတဲ့ သူတွေဘဲ မေးလို့ မရဘူးလားကွ"

"ငါ့ကိုအဲ့လောက် ဂရုစိုက်မနေနဲ့ မင်းဘာသာမင်း အေးဆေးနေပါ"

"အေးပါ ငါနားလည်ပြီ"

"မင်း ဘယ်လို ပြောလိုက်တာလဲ ခွန်းစစ်လင်းရာ ဟိုမှာ စစ်အောင်ဦး စိတ်မကောင်း ဖြစ်သွားပြီ သူက မင်းကို ခင်လို့ လေကွာ"

"ငါကမှ မခင်တက်တာ အဲ့လိုလိုက်ပြီ ရောနေတာကိုက ပိုမကြိုက်တာ"

"မင်း ..."

"ထားလိုက်ပါ ဗညားကျော် သူပြောတာလည်း ဟုတ်ပါတယ် ငါဆင်ခြင်ပါ့မယ် ငါက တကယ်တော့ သူငယ်ချင်း လိုချင်လို့ ဖြစ်သွားတာပါ ငါ အရမ်းပေါသလို ဖြစ်သွားတာ"

"အဲ့လိုလည်း မဟုတ်ပါဘူးကွာ သူမခင်ပေမဲ့ ငါခင်တယ် မင်းကို"

"ကျေးဇူးပါ"

"အင်းပါ လာထိုင်တော့ ကျောင်းတက်တော့မည်''

ဗညားကျော်ပြောပြီ သူ့နေရာသူ ထိုင်လေတော့သည် ။ စစ်အောင်ဦး က ခွန်းစစ်လင်း နားမှာ ထိုင်လေတော့သည် အတန်းလေးက ဗညား ကျော် ပြီတော့ ခွန်းစစ်လင်း သူ့ဘေးမှာ စစ်အောင်ဦး သုံးယောက် ထိုင် နေ ရလေတော့သည် ။

"ကဲ သားတို့ သမီးတို့ မနေ့က ဆရာမ ရှင်းပြတာတွေကို မှတ်မိလား' ' ဆရာမက အတန်းထဲတွင် စပြီ မေးလေ တော့သည် ။

"ရပါတယ်'' ကျောင်းသူကျောင်းသား အချို့တွေက ဖြေကြ လေ တော့သည် ။

"ဖြေသံက အားနည်းနေတယ် သိပ်မကျယ်ဘူး ဆရာမ တစ်ခါပြန် ရှင်း ပြမယ်''

"ဟုတ်ကဲ့ပါ ဆရာမ''

ထို့နောက် ဆရာမက မနေ့က သင်ကြားခဲ့သော ဘာသာရပ်အား တစ်ဖန် ပြန်လည်၍ ရှင်းပြ နေလေတော့သည် ။

"ကဲ သမီး မြတ်နိုးမေ ထပါဦး''

"ဟုတ်ကဲ့ ဆရာမ''

"သမီးက ခုနက ဆရာမ ရှင်းပြသွားတာကို သမီး နားလည်သလို ပြန်ရှင်း ပြပေးပါကွယ်''

"ဟုတ်ကဲ့ ဆရာမ''

မြတ်နိုးမေသည် ဆရာမက စာမေးသောကြောင့် အတန်းသား အား လုံး ကြားရလောက်သော အသံဖြင့် ပြန်လည် ရှင်းပြ လေတော့သည် ။

မြတ်နိုးမေသည် နှစ်စဉ်ပညာရေး ထူးချွန်ဆုတွေ ရရှိသော ကျောင်းသူလေး ဖြစ်ပေသည် ။ ဆရာ၊ ဆရာ မတွေကလည်း သူမအား အလွန်ချစ်ကြသလို စာမကြိုးစားသော သူများကိုလည်း မြတ်နိုးမေနှင့် ယှဉ်ကာ ဆုံးမကြလေသည် ။ ပြောရလျှင်တော့ မြတ်နိုးမေသည် နဝမတန်း ကျောင်းသူ ကျောင်းသားတွေအဖို့ ရေပန်း စားနေသော ကောင်မလေး လည်း ဖြစ်ပါသည် ။ ရုပ်ရည်လေးလည်း ချစ်စရာကောင်း၍ ဆံပင်လေး ကို နှစ်ဖက်ခွဲထားပြီ အသားရည်လေး ခပ်လတ်လတ် စာရင်းထဲမှာ ပါနေသော မြတ်နိုးမေသည် သူတို့ အတွက်တော့ ဘုရင်မလေး တစ်ယောက်ပါ။

မြတ်နိုးမေက စာရှင်းပြ ပြီးသွားသောအခါ ဆရာမက ချီးမွမ်းစကား ဆို၍ ဆက်လက်ပြီလည်း ကြိုးစားသွားဖို့ ပြောလေ တော့သည် ။

"ကဲ ဒီတစ်ခါတော့ မနေ့ကမှ ပြောင်းလာတဲ့ အသစ်လေး ထပါဦး"

ဆရာမ စကားကြောင့် စစ်အောင်ဦး တစ်ယောက် ထရပ်လိုက် လေတော့သည် ။

"သားရော ဆရာမ ရှင်းပြတာ နားလည်လား"

"နားလည်ပါတယ် ဆရာမ"

"ဟုတ်ပြီ ကျောက်စာ ဆိုတာကို သားဘယ်လို နားလည်သလဲ သား နားလည်သလို ရှင်းပြ ပေးကြည့်ပါလား"

"ဟုတ်ကဲ့ ဆရာမ ကျောက်စာဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ကိုးကွယ်ရာ၊ တိုးတက်လာသော ပြယုဂ်၊ ဖော်ပြလိုသော အကြောင်းအရာ၊ ရည်ညွှန်းလိုသော အရာတွေမှာ ရှေးခေတ်က ဖော်ဆောင်ကြသော မှတ်တမ်းတင်သော အရာလေး တစ်ခုပါ ဒါပေမဲ့ သူ့ရဲ့ အသုံးဝင်ပုံနှင့် အ

ရေးပါ ပုံကတော့ အရမ်းကို ကြီးကျယ် ခမ်းနားပါတယ် သူ့ကြောင့် နဲ့ ဘဲ ရှေးခေတ်ကို ပြန်သွားနိုင်သလို အရင်ခေတ်က ပုံစံတွေကို ပြန်လည် လေ့လာရင်း သမိုင်းကြောင်း တစ်လျှောက် ဖြစ်ပျက်သမျှကို လေ့လာလို့ ရပါတယ် ဗဟု သုတ ရပါတယ် ဆည်ပူးအပ်တာကို ဆည်ပူးလို့ ရပါ တယ်''

စစ်အောင်ဦး၏ ဖြေရှင်းသော စကားကြောင့် ဆရာမရော အတန်း သားတွေရော နှစ်သက် သဘောကျ လေတော့သည် ။ ဆရာမကလည်း ချီးမွမ်း စကား ဆိုလေတော့သည် ။

"သားက တော်သားဘဲ ပြန်လည် ဖြေရှင်းသွားတာ အားလုံးအတွက် အရမ်းအကျိုး များ တယ်''

"ဟုတ်ကဲ့ပါ ဆရာမ''

"အေး သားတို့ သမီးတို့ လည်း မှတ်ထား ဘာသာရပ် တစ်ခုကို လေ့ လာတဲ့ အခါ သင်ကြားတဲ့ အကြောင်းအရာ တွေချည်း မမှတ်ဘဲ အဲ့အရာ ကနေ ဘာတွေထပ်ပြီ သင်ယူလို့ ရလဲ အခြား ဘာတွေကို ဖော်ညွှန်းလို့ ရလဲ ဘာတွေက ဘဝအတွက် အသုံးချသွားမလဲ ဆိုတာကိုပါ ထည့်စဉ်း စား တက်ရမယ်နော်''

"ဟုတ်ကဲ့ပါ ဆရာမ''

"ဒါနဲ့ သားက စကားပြောတာ အရမ်းဝဲတယ် ပြီတော့ မျက်နှာလေး ကလည်း တစ်မျိုးလေးဘဲ ချစ်စရာလေးပါ''

"သားက ကပြားတစ်ယောက်ပါ ဆရာမ မြန်မာနှင့် ထိုင်းစပ်ထား တာပါ''

"သြော် ဟုတ်လား''

"ဟုတ်ကဲ့ ဆရာမ အမေက ထိုင်းလူမျိုးပါ"

"သြော် ဒါကြောင့် ကိုး"

"မြဝတီက ထိုင်းနယ်စပ် ဆိုတော့ သားကရော ထိုင်းရဲ့ ယဉ်ကျေးမှုတွေနဲ့ နီးစပ်လား"

"ဟုတ်ကဲ့ ဆရာမ မြဝတီမှာ နေတုန်းကတော့ ထိုင်းအတိုင်းဘဲ နေတာ များ ပါတယ် ဆရာမ အမေကလည်း ထိုင်းလူမျိုး ဆိုတော့ အစားအသောက် နေထိုင်မှုတွေက အစပေါ့"

"သြော် ဟုတ်လား နီးစပ်ရာ နီးစပ်ရာပေါ့ကွယ် မဟုတ်လား"

"ဟုတ် ဆရာမ"

"ကဲ ခွန်းစစ်လင်း သားရော ထပါဦး"

"သားရောလား"

"အေးလေ ဆရာမက သားကိုခေါ်တာ ဒီအတန်းမှာ ခွန်းစစ်လင်း ဘယ်နှစ်ယောက် ရှိလို့ လဲ"

"ဟုတ်ကဲ့ ဆရာမ"

"မနေ့က စာလေးတွေ ပြန်ရှင်းကြည့်ပါဦး"

ခွန်းစစ်လင်းမှာ ဆရာမ မေးသောကြောင့် စာများကို တက်နားလည်သလို ပြန်ရှင်း ပြလေတော့သည် ။ ထိုအခါမှ စစ်အောင်ဦး နားလည်သွားလေတော့သည် ခွန်းစစ်လင်းသည် အတန်းသားတွေရဲ့ အသည်းစွဲကောင်လေးပါ ရုပ်ရည်လေးလည်း ရှိသလို စာလည်း တော်သောကြောင့် အတန်းသားတွေက ခွန်းစစ်လင်းကို ခင်မင်လို ကြသည် ။ သို့သော် ကိုယ်ရွှေမင်းသားက မာနဘဝင်ခိုက်ကာ တော်ယုံလူကို

အပေါင်းအသင်း မလုပ်ဘဲ နေသောကြောင့် နာမည် ဆိုးလေးလည်း ရှိနေခြင်းပါ။ ဒါကြောင့် လည်း အကြောင်းမသိ၍ ခင်မင်ခွင့် တောင်းတဲ့ သူ အပေါ် ကိုယ်လူချောက ချေမိုးနေတာကိုး။

"ကဲ ကလေးတွေ တော်ကြတယ် သားတို့ လည်း ကြိုးစားကြနော် လူသစ် လေးကိုလည်း လိုတာရှိ ဖေးမပါနော် ထိုင်းစပ် ကောင်လေးကို"

ဆရာမက စနောက်ရင်း ရှေ့သင်ခန်းစာကို ဆက်သင် ကြားလေတော့သည် ။ ထို့နောက် ကျောင်းသားများ လည်း ဆရာမရဲ့ သင်ကြားနေသော စာများကို အာရုံထား စိတ်ဝင်စားကာ ကြိုးစား ကြလေတော့သည် ။ ဒီလိုနဲ့ နဝမတန်း အေအခန်းလေးက စာသင်သံ စာဆိုသံတို့ နှင့် ပြန်လည် အသက်ဝင် လာလေတော့သည် ။

***

## အခန်း ( ၃ )

စစ်အောင်ဦး တစ်ယောက်တည်း အတန်း နားချိန်လေးမှာ အတန်းထဲ၌ လည်း မနေချင်လို့ ကုက္ကိုလ်ပင် အောက်လေးမှာ လာထိုင် နေလေတော့သည် ။ မြဝတီက အိမ်ကလေးနဲ့ မိခင်ကိုလည်း သတိရ နေလေတော့သည် ။ ထိုအချိန်တွင် မြတ်နိုးမေ တစ်ယောက် စစ်အောင်ဦးနား ရောက်လာ လေတော့သည် ။

"ဟိတ် ... ဟိတ်''

စစ်အောင်ဦး တစ်ယောက် ခေါ်သံကြောင့် လှည့်ကြည့် လေတော့သည် ။

"ငါ့ကို ခေါ်နေတာလား''

"အေးလေ ဒီမှာ နင်ဘဲရှိတာ နင့်မခေါ်ရင် ဘယ်သူကို ခေါ်ရမှာ တုန်း ''

"ငါ့နာမည်က ဟိတ် မဟုတ်ဘူး စစ်အောင်ဦး''

"အေးပါ ရုတ်တရက် ငါနာမည် မေ့နေလို့ ''

"ထားပါတော့ ဘာကိစ္စရှိလို့ လဲ မြတ်နိုးမေ''

"ငါ့နာမည် သိနေတယ်''

"အေးလေ တစ်နေ့က ဆရာမ ခေါ်တာဘဲလေ''

"အင်းပါ''

"နင့်မှာ သူငယ်ချင်း မရှိသေးဘူး မဟုတ်လား ငါနဲ့ သူငယ်ချင်း လုပ်မယ်လေ စာလည်း အတူတူ ကျက်လို့ ရတာပေါ့ နင်ပုံ ကြည့်ရတာလည်း စာတော်မဲ့ပုံပါ''

"နင်က ငါနဲ့ သူငယ်ချင်း ဖြစ်ချင်လို့ လား''

"အင်းလေ ဘာလဲ နင်က မဖြစ်ချင်လို့ လား''

"မဟုတ်ပါဘူး''

"အေးလေ အဲ့တာ ဆိုလည်း သူငယ်ချင်း ဖြစ်ကြတာပေါ့''

"အင်း''

"လာမုန့်စားတန်း သွားမယ် ငါတို့ သူငယ်ချင်းဖြစ်တဲ့ အနေနဲ့ မုန့်အတူတူ စားကြတာပေါ့''

"အင်းမဆိုးဘူး ကောင်းသားဘဲ''

ထို့နောက် နှစ်ယောက်သား မုန့်စားတန်း ဘက်သို့ သွားကြ လေတော့သည် ။ မုန့်စားတန်း လေးက ကျောင်းဆင်းချိန် ဆိုတော့ စည်းကား နေတော့သည် ။

"ငါကြာဇံဟင်းခါး စားချင်တယ် စစ်အောင်ဦး''

"စားလေ''

"နင်ရော မစားဘူးလား''

"နင်စားမယ်ဆို စားပေးမယ်လေ''

"အင်း အဲ့တာဆို မှာ လိုက်တော့လေ"

"ကြာဇံဟင်းခါး နှစ်ပွဲပေးပါ" စစ်အောင်ဦးက မှာ လိုက် လေတော့သည် ။

"အဒေါ်ရေ နောက်ထပ်တစ်ပွဲ ပေါင်းသုံးပွဲ ပေးပါ"

အသံကြားသောကြောင့် စစ်အောင်ဦးရော မြတ်နိုးမေရော လှည့်ကြည့် လိုက်လေတော့သည် ။

"ဟင် တိုးတက်ထွန်း" စစ်အောင်ဦးက ခေါ်လိုက် လေတော့သည် ။

"လာပြန်ပြီ ကျေးဇူးရှင်က"

"မြတ်နိုးရယ် ငါ့ကိုဆို တွေ့လိုက်တိုင်း လူဆိုးတွေ့တာ ကြနေတာဘဲ "

"နင်က လူဆိုးထက် ဆိုးတာကိုး"

"ဟာ နင်ပြောမှ ဘဲ ငါ့ဘဝ ရစရာ မရှိတော့ဘူး"

"နေပါဦး စစ်အောင်ဦး နင်က သူနဲ့ ဘယ်လို သိနေတာလဲ"

"ရေစက်ရှိလို့ ပေ့ါ" တိုးတက်ထွန်းက ပြောလေ တော့သည် ။

"နင့်ကို မမေးပါဘူး စစ်အောင်ဦးကို မေးတာ"

"ဒီလိုပါဘဲ မနေ့ကမှ သိပြီ သူငယ်ချင်း ဖြစ်ထားတာ"

"မနေ့ကမှ သိတာ သူငယ်ချင်း ဖြစ်တယ် ဟယ် ငါအံ့သြလိုက်တာ"

"ဟင် နင်တောင် အခုဘဲ သူငယ်ချင်း ဖြစ်တာလေ"

"နင့်ကို အံ့သြတာ မဟုတ်ဘူး တိုးတက်ထွန်းကို အံ့သြတာ"

"တိုးတက်ထွန်းနှင့် က သိနေတာလား"

"ငယ်ငယ်လေး ကတည်းက ငါ့ကို အနိုင်ကျင့်နေတာ သူက''

"မဟုတ်ပါဘူးကွာ ငါက နင့်ကိုခင်လို့ ပါ'' တိုးတက်ထွန်းက ပြော လေ တော့သည် ။

"အေးပါ အခုငါတို့ သုံးယောက် ဖြစ်သွားပြီလေ လာအတူတူ စား တာပေါ့'' စစ်အောင်ဦးက ပြောလေ တော့သည် ။

"မင်းမခေါ်လည်း ငါက ဝင်စားမှာ ဘဲ''

"အဲ့ကောင်က အဲ့လိုဘဲ နည်းနည်းလေးမှ စိတ်ကောင်း မရှိဘူး''

"အေးပါ ငါက စိတ်ကောင်း မရှိပေမဲ့ အကျင့်တော့ မပုတ်ပါဘူးဟ''

"ဟဲ့အကောင် နင်ပြောပုံက ငါကမသိရင် စိတ်ကောင်း မရှိတဲ့ ပုံနဲ့ ''

"အဲ့တာတော့ မသိဘူးလေ''

"ကဲပါ စားကြတော့ ခဏနေ အတန်းပြန်ဝင် ရတော့မှာ နောက်ကျရ င် သိတယ်နော် ရူပဆရာက''

ထို့နောက် သုံးယောက်သား စားပြီ စာသင်ခန်းသို့ ပြန်ဝင် လာလေ တော့သည် ။ သူတို့ သုံးယောက်သား လာရာလမ်းမှာ လည်း ကျောင်းသူ ကျောင်းသားများက လှည့်လှည့်ကြည့်လေ သွားကြလေ တော့သည် ။ ထို့နောက် တိုးတက်ထွန်းက သူ့အတန်းသို့ သူသွားလေတော့ စစ်အောင် ဦးနှင့် မြတ်နိုးမေလည်း အတန်းထဲသို့ ဝင်လာ လေတော့သည် ။

"မြတ်နိုး ဘယ်တွေ သွားနေတာလဲ'' ခွန်းစစ်လင်းက တန်းပြီ မေးလို က်ခြင်းပါ။

"မုန့်စားဆောင်လေ ဘာဖြစ်လို့ လဲ''

"ဟိုကောင် တိုးတက်ထွန်းပါ မဟုတ်လား''

"အေးလေ ဘာဖြစ်လို့ လဲ''

"အေး ကြပ်ကြပ်ပေါင်း သူနဲ့ ''

"ဟဲ့ ငယ်ငယ်လေး ကတည်းက ပေါင်းတာဘဲ ဘာဖြစ်လို့ လဲ''

"အေး ငါမပြောချင်ဘူးနော်''

"မပြောချင်လည်း မပြောနဲ့ အခုငါက စစ်အောင်ဦးနဲ့ ရော သူငယ်ချင်း ဖြစ်သွားပြီ''

"အဲ့တာ ငါနဲ့ ဘာဆိုင်လဲ''

"ပြောပြတာ နင့်ဘေးမှာ ဘဲ သူထိုင်တာလေ နင်သိရအောင်ပေ့ါ နင်နဲ့ လည်း သူငယ်ချင်း ဖြစ်ရတာဘဲ''

"တော်စမ်းပါ''

"မြတ်နိုးသူ့ကို သွားမပြောနဲ့ သူက ငါ့ကိုမခင်ချင်ဘူးလေ ထားလိုက်ပါ''

"အေးလေ နင်ကလည်း ဘာဖြစ်တာလဲ တစ်တန်းတည်း အတူတူ ကပ်ပြီတော့ ထိုင်နေပြီတော့''

"ဟုတ်တယ် မင်းကို မခင်ချင်ဘူး ရှင်းလား မရှင်းလဲ မတက်နိုင်ဘူး' '

"ဟဲ့ ခွန်းစစ်လင်း နင်ဘယ်လို ပြောလိုက်တာလဲ''

"ငါအမှန်ပြောတာလေ''

စစ်အောင်ဦး တစ်ယောက် ခွန်းစစ်လင်း စကားကိုကြားပြီ ဝမ်းနည်း သွားလေတော့သည် ။ မျက်ဝန်းမှာ လည်း မျက်ရည်လေးတွေ ဝဲတက်လာသည် ဒါကို ဗညားကျော်ရော မြတ်နိုးမေပါ တွေ့လိုက် လေတော့သ

ည် ။

"နင်ဟာလေ သူငယ်ချင်း စိတ်ဓာတ်ကို မရှိဘူး ရတယ်လေ လာသူနဲ့ မပေါင်းနဲ့ စစ်အောင်ဦး ဗညားကျော်လည်း ရှိတယ် ငါလည်း ရှိတယ်'' မြတ်နိုးမေက ပြောလေတော့သည် ။

"ကျေးဇူးပါ ငါကြောင့် နဲ့ သူအဆင်မပြေ ဖြစ်နေရတယ် ထင်တယ် ဆော်ရီးပါ ငါတောင်းပန်ပါတယ် ငါနောက်ဆို ဆင်ခြင်ပါ့မယ်'' စစ်အောင်ဦးရဲ့ အသံလေးက တိမ်ဝင် သွားလေ တော့သည် ။

"နင်ဟာလေ ခွန်းစစ်လင်း အဲ့တာတွေ အတွက် နောက်မှ နင်နောင်တရမယ် ငါသိနေတယ်'' ပြောပြီး မြတ်နိုးမေ တစ်ယောက် စိတ်ဆိုးပြီး သူမ ခုံနေရာသို့ ပြန်သွား လေတော့သည် ။

ဗညားကျော်လည်း ဘာမှ မပြောတော့ဘဲ သူ့ခုံနေရာ သူထိုင် လိုက်လေ တော့သည် ။ စစ်အောင်ဦးလည်း သူနေရာ သူထိုင်လိုက်ပြီ ခွန်းစစ်လင်းလည်း သူ့နေရာသူ ဝင်လိုက် လေတော့သည် ။ ဖြစ်ချင်တော့ ရူပဆရာက အစည်းဝေးရှိလို့ အတန်း မလာခဲ့ပေ။ ကျောင်းသား ကျောင်းသူတွေလည်း ထုံးစံအတိုင်း ဆရာမလာတော့ အပျော်ကြီး ပျော်နေကြပြီ အတန်းကျော် ခုံကျော်ကာ စကားပြော သူကပြော ယောက်ျားလေး အချင်းချင်း ဟာသ ပြောသူကပြော စာကြမ်းပိုးတွေက စာရေးတဲ့ သူကရေး အသီးသီး လုပ်စရာရှိတာ လုပ်နေကြ လေတော့သည် ။

စစ်အောင်ဦးလည်း စာအုပ်လေး တစ်အုပ်ကို ကောက်ထုတ်ပြီ စာရေးလေးတွေ ရေးနေ လေတော့သည် ။ ဘာမှ ကို စိတ်မဝင်စားတော့ဘဲ နားကြပ်လေးကို အသာတပ်လိုက်ပြီ သူရဲ့ စိတ်တွေကို စာအုပ်လေးမှာ နှစ်ထား လိုက်လေ တော့သည် ။

ဤသို့ဖြင့် ညနေ ကျောင်းဆင်းချိန်သို့ ရောက်လာ လေတော့သည် ။

မိုးလေးကလည်း အုံ့တုံ့တုံ့လေးနှင့် အခန့်မသင့်ရင် ထရွာမဲ့ ပုံစံလေးနဲ့ ကြီးစိုး နေလေရဲ့ ။

"ဟင် စစ်အောင်ဦး မပြန်သေးဘူးလား''

"အေးပြန်တော့မှာ တိုးတက်ထွန်း''

"မိုးကရွာတော့မှာ လာငါနဲ့ လိုက်ခဲ့ ငါလိုက်ပို့ ပေးမယ်''

ထိုအချိန်မှာ မြတ်နိုးမေက ရောက်လာ လေတော့သည် ။

"ဟင် မိုးရွာတော့မယ် ထင်တယ် ထီးလည်း မပါလာဘူး''

"အေး ဟုတ်တယ် ဒီလိုလုပ်လေ တိုးတက်ထွန်း မြတ်နိုးမေကို လိုက်ပို့ ပေးလိုက်ပါ''

"ဒါဆို မင်းကရော''

"ရပါတယ် မိုးက မရွာသေးပါဘူး ရွာလည်း အရမ်း မသဲလောက်ဘူး မြတ်နိုးက မိန်းကလေးလေ သူ့က အရေးကြီးတယ်''

"အေးပါ ငါမြန်မြန် ပို့ပေးလိုက်မယ် ပြီးရင် ငါလာပြန်ကြိုမယ် ဟုတ်ပြီလား''

"ရပါတယ်ကွာ မြတ်နိုးကိုသာ ပို့ပေးလိုက်ပါ''

"အေးကွာ ပြီတာဘဲ''

"နင်လည်း ဂရုစိုက်ပြန်ဦးနော် '' မြတ်နိုးမေက ပြောလေ တော့သည် ။

ထို့နောက် တိုးတက်ထွန်းနဲ့ မြတ်နိုးမေတို့ ဆိုင်ကယ်လေးနှင့် ထွက်သွား ကြလေတော့သည် ။ ကျောင်းသား တွေထဲမှာ ဆိုင်ကယ် စီးတဲ့ သူဟာ တော်တော်လေး ရှားပေမဲ့ တိုးတက်ထွန်း တစ်ယောက်တော့ အဲ့အ

ထဲမှာ ပါနေပါသည် ။ မြတ်နိုးမေတို့ သွားပြီ မကြာခင်မှာ ဘဲ မိုးက ရုတ်တရက် ရွာချ လေတော့သည် ။ စစ်အောင်ဦးလည်း အနီးစပ်ဆုံး ကုက္ကိုလ်ပင် အောက်လေးသို့ ပြေးကပ် လေနေတော့သည် ။ မိုးကလည်း တော်ရုံနဲ့ မတိတ်ဘဲ ရွာနေတာဟာ နာရီဝက်နီးပါးခန့် ရှိလေပြီ။ မိုးသားများ ဟာ အငြိုးတွေနဲ့ များ ရွာနေသလားတောင် ထင်ရပေသည် ။ မိုးသားများ နှင့် အတူ အေးချမ်းမှုကပါ တိုးခတ် လာလေတော့သည် ။ တဖြည်းဖြည်းနဲ့ ချမ်းစိမ့်မှုဟာ တိုးလာ လေတော့သည် ။

ထိုအချိန်တွင် သူရဲ့ အရှေ့သို့ မိုးကာအင်္ကျီ ဝတ်ထားသော ဆိုင်ကယ်တစ်စီး လာထိုးရပ် နေလေတော့သည် ။ ဆိုင်ကယ်လေးပေါ်မှ ထိုလူကဆင်းကာ ဆိုင်ကယ် ဘောက်ကိုဖွင့်ပြီ မိုးကာတစ်ထည် ထပ်ထုတ် လိုက်လေတော့သည် ။ ပြီတော့ စစ်အောင်ဦးအား ပစ်ပေးရင်း ...

"လာဆိုင်ကယ်ပေါ်တက်"

"မင်းက" စစ်အောင်ဦးက ပြောတော့ ထိုသူမှာ ဆိုင်ကယ် ဦးထုပ်လေးကို ချွတ်ပြတော့ ...

"ဟင် မင်း ခွန်းစစ်လင်း"

"အေး ဟုတ်တယ် ငါဘဲ ဘာလဲ ဂိုလ်သားများ ထင်နေတာလား"

"မဟုတ်ပါဘူး မင်းက ဘာလာ လုပ်တာလဲ"

"ကိစ္စရှိလို့ ဒီဘက်လာတာ"

"အဲ့တာဆို သွားလေ"

"မင်းကို တွေ့တာလေ"

"ရတယ် ငါက ဘာမှ မဖြစ်ဘူး"

"တော်တော် စကားများ တာဘဲ ရော့မိုးကာဝတ်" ပြောပြီ မိုးကာအင်္ကျီအား ပေးဝတ် လေတော့သည် ။ ထို့နောက် ခွန်းစစ်လင်းက ဆိုင်ကယ်ကို စက်နှိုးရင်း ...

"လာတက်လေ ဘာကြောင် ကြည့်နေတာလဲ"

စစ်အောင်ဦးက ခွန်းစစ်လင်း ပြောတာကို အံ့အားသင့်ပြီ ကြည့်နေလေတော့သည် ။ ဟုတ်တယ်လေ အတန်းထဲမှာ သူငယ်ချင်းတောင် မဖြစ်ချင်တဲ့ လူက အခုတော့ မိုးကာတွေပေးပြီ ဆိုင်ကယ်ပေါ် တက်ခိုင်း နေတာဆိုတော့ သူအံ့ဩမိတာ မဆန်းပေ။

ခွန်းစစ်လင်းမှာ စိတ်မရှည်တော့ဘဲ စစ်အောင်ဦးအား လက်ကနေဆွဲခေါ်ကာ ဆိုင်ကယ်ပေါ်သို့ တင်လေတော့သည် ။

"ပြော မင်းအိမ် ဘယ်လမ်းလဲ"

"မြန်မာလမ်း"

"ပြီရော"

ခွန်းစစ်လင်း ထိုနေရာလေးမှ မြန်မာလမ်းဆီသို့ တန်းပြီ မောင်းလာလေတော့သည် ။ ဆိုင်ကယ်လေးဟာ မိုးသားလေးတွေ အောက်မှ လူငယ်လေး နှစ်ယောက်ကို တင်ဆောင်ရင်း အအေးဒဏ်လေးကို ကျော်ဖြတ်ရင်း တိုးထွက် လာပါ လေတော့သည် ။

"ကဲရောက်ပြီ ဆင်းတော့"

"ကျေးဇူးပါ သူငယ်ချင်း"

"ရတယ် မလိုဘူး ငါမင်းရဲ့ သူငယ်ချင်း မဟုတ်ဘူး "

"မင်းကလည်း ငါ့ကို သူငယ်ချင်း မသတ်မှတ်ရင် ဘာလို့ လိုက်ပို့နေ

သေးလဲ''

"သူငယ်ချင်း မဟုတ်ရင် ပို့မရတော့ဘူးလို့ မင်းကို ဘယ်သူ ပြော ထားလို့ လဲ''

"ဟင် မင်းစကားကြီးက''

"ကဲအိမ်ရောက်ပြီ ရေမိုးချိုးတော့ ရေစင်အောင်သုတ် ကြားလား ငါ သွားပြီ''

ခွန်းစစ်လင်း တစ်ယောက် သူ့အား ပြောချင်ရာပြောပြီ မိုးရေထဲ ပြန်ထွက် သွားလေ တော့သည် ။ စစ်အောင်ဦးမှာ လည်း လုံးဝကို နားမလည် နိုင်သောပုံစံဖြင့် ခေါင်းခါ မိလေတော့သည် ။ သူငယ်ချင်း အဖြစ်နဲ့လည်း လက်မခံပေ စကားလည်း မပြော သွားပြောလည်း မကြိုက်နဲ့ မိုးရွာထဲမှာ တော့ အိမ်ထိရောက်အောင် လာပို့ပြီ စိတ်ပူ သွားသေးသည် ။ ဘယ်လို လူမျိုးပါလိမ့် ...

"သား သူငယ်ချင်း လာပို့တာလား'' ဖခင်ဖြစ်သူက မေးသောကြောင့် စကားကို လွယ်လွယ်ဘဲ ပြန်ဖြေ လိုက်လေ တော့သည် ။

"ဟုတ်တယ် ဖေဖေ မိုးတွေ အရမ်းရွာနေလို့ လေ''

"အေးအေး ကောင်းတယ် သားသူငယ်ချင်း ရတာ သူငယ်ချင်း ဆိုတာ အဲ့လိုမှ ပေါ့ ကူညီပေးတတ်ရတယ် သားလည်း မှတ်ထားနော် သူတို့ လိုအပ်လာရင် ပြန်ကူညီပေးဖို့ ''

"ဟုတ်ကဲ့ပါ ဖေဖေ''

ထို့နောက် စစ်အောင်ဦး တစ်ယောက် အိမ်ထဲသို့ဝင်ကာ ရေမိုးချိုးပြီ စင်အောင် သုတ်လေတော့သည် ။ မိုးတွေကတော့ အပြင်မှာ ရွာနေဆဲ အားကောင်း နေဆဲပင်။

***